# ထုတ်ပြန်ချက်

ရက်စွဲ၊ ဇွန်လ ၉ ရက် ၂၀၂၄၊

ရက္ခိုင့်တပ်တော် အေအေသည် ရိုဟင်ဂျာ လူမျိုးများအပေါ် နေ့စဉ်နဲ့အမျှ လူမဆန်စွာ ရက်စက်ကြမ်းကြုတ်မှုနှင့် ရာဇဝတ်မှုများကျူးလွန်နေသည်ကို ဥရောပရိုဟင်ဂျာကောင်စီ (ERC) သည် အလွန်တရာစိတ်မကောင်းဖြစ်ပါသည်။

ဇွန်လ ၉ ရက်၂၀၂၄ တွင်မောင်တော မြောက်ပိုင်းရှိ ဟာဘီကျေးရွာ (Hainr Fara) တွင် ရိုဟင်ဂျာမိသားစုနှစ်စုအား မြန်မာစစ်ကောင်စီက ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့ပြီး အနည်းဆုံး မိသားစုဝင် ၇ ဦးသေဆုံးပြီး ၃ ယောက်မှာ သေလုမြောပါး ဒဏ်ရာရရှိခဲ့ပါသည်။ ရက္ခိုင့်တပ်တော်အေအေသည် ရိုဟင်ဂျာများကို လူသားဒိုင်း အဖြစ် အသုံးပြုခြင်းအားဖြင့် ရိုဟင်ဂျာရွာထဲတွင် နေရာယူထားခြင်းဖြစ်သည်။

အခုလို အကြင်နာကင်းမဲ့သော လုပ်ရပ်မျိုးသည် မြန်စစ်ကောင်စီဘက်က အမြဲလိုလို လုပ်လာပြီး ရိုဟင်ဂျာ အရပ်သားများကို ရည်ရွယ်ချက်ရှိရှိ သေစေ ဖျက်စီးစေလိုခြင်းသာဖြစ်သည်။

ဘူးသီးတောင်မြို့နယ် သပိတ်တောင်ကျေးရွာမှ ရိုဟင်ဂျာ ၂၇ ဦးကို ဇွန်လ ၅ ရက်နှင့် ၆ ရက်တို့တွင် ရက္ခိုင့်တပ်တော် အေအေက ပြန်ပေးဆွဲခဲ့ပြီး ဇွန် ၆ ရက်၌ စိမ့်ညှင်းပြားကျေးရွာမှ နှစ်ဦးကိုလည်း ထပ်မံပြန်ပေးဆွဲခဲ့ကြောင်း ဒေသခံရိုဟင်ဂျာများထံမှ သတင်းရရှိသည်။ ရက္ခိုင့်တပ်တော် အေအေသည် အဆိုပါကျေးရွာများမှ ပြန်ပေးဆွဲရန် လူငယ်များကို ထပ်မံရှာဖွေနေပြီး ကျွန်ုပ်တို့ ရိုဟင်ဂျာများ သည် အသက်ရှင်နေထိုင်ရေးကို ပိုမိုဆိုးရွားစေသည်။

ကျွန်ုပ်တို့ ERC သည် ဤရှုံ့ရှာဖွယ်လုပ်ရပ်များကို ပြင်းထန်စွာရှုတ်ချပြီး အောက်ပါတို့ကို တောင်းဆိုလိုပါသည်။

၁။ ရက္ခိုင့်တပ်တော်အေအေမှ ချက်ခြင်းဆုတ်ခွါပေးရေး- ရက္ခိုင့်တပ်တော်အေအေသည် ရိုဟင်ဂျာကျေးရွာများကို စစ်တိုက်ဗျူဟာမြောက်နေရာအဖြစ် အသုံးပြုခြင်းကို ချက်ချင်းရပ်တန့်ပြီး ရိုဟင်ဂျာလူငယ်များကို ပြန်ပေးဆွဲခြင်းမှရပ်တန့်ရန်။ အပြစ်မဲ့ အရပ်သားများကို လူသားဒိုင်းအဖြစ် အသုံးပြုခြင်းသည် လူ့အခွင့်အရေးကို ပြင်းပြင်းထန်ထန် ချိုးဖောက်ခြင်းဖြစ်ပြီး ချက်ချင်းရပ်တန့်ရမည်ဖြစ်သည်။

၂။ မြန်မာစစ်တပ်မှ ဗုံးကြဲတိုက်ခိုက်မှုရပ်စဲရေး- မြန်မာစစ်တပ်သည် ရိုဟင်ဂျာကျေးရွာများကို ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် ဒရုန်းဖြင့် တိုက်ခိုက်ခြင်းအားလုံးကို ရပ်တန့်ရပါမည်။ လူသိများသော အရပ်သားများပါရှိသည့် ဒေသများကို ပစ်မှတ်ထားခြင်းသည် လက်ခံနိုင်ဖွယ်မရှိသည့်အပြင် နောက်ထပ် အပြစ်မဲ့ အသက်အိုးအိမ်များ ဆုံးရှုံးခြင်းမှ ကာကွယ်ရန် ချက်ချင်းရပ်တန့်ရမည် ဖြစ်သည်။

၃။ နိုင်ငံတကာ စွက်ဖက်မှု- ရိုဟင်ဂျာလူမျိုးများအပေါ် ဆက်လက်ဖြစ်ပွားနေသော သတ်ဖြတ်မှုနှင့် အကြမ်းဖက်မှုများကို ရပ်တန့်ရန် ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်နိုင်ရန် နိုင်ငံတကာအသိုင်းအဝိုင်းကို ကျွန်ုပ်တို့ တောင်းဆိုနေသည်။ ရခိုင်ပြည်နယ်တွင်းရှိ ရိုဟင်ဂျာလူဦးရေ ဘေးကင်းလုံခြုံရေးနှင့် အကာအကွယ်ပေးရေးအတွက် ကမ္ဘာ့ခေါင်းဆောင်များနှင့် အဖွဲ့အစည်းများမှ ကြားဝင်ဆောင်ရွက်ပေးရန် အရေးကြီးကြောင်းကို ထောက်ပြလိုပါသည်။

ရိုဟင်ဂျာအသိုက်အဝန်းကို စဉ်ဆက်မပြတ် ပစ်မှတ်ထားနေခြင်းသည် လူသားဆန်မှုကို ထိခိုက်စေပြီး အရေးတကြီး ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။ ရိုဟင်ဂျာတွေရဲ့ ဘေးကင်းလုံခြုံမှုနဲ့ ဂုဏ်သိက္ခာကို အာမခံတဲ့ လူ့အခွင့်အရေးနဲ့ နိုင်ငံတကာဥပဒေတွေကို လေးစားလိုက်နာဖို့ ERC ထံမှ ပြင်းပြင်းပြပြဆန္ဒပြု တိုက်တွန်းပါသည်။

***Contact Information:***

info@theerc.eu